# ကြေးမုံ
**The Mirror**

၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့ (18-12-2011) (၆၇၇၇)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## နိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်များသည် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနိုင်သည်အထိ အရည်အသွေးပြည့်ဝရန်လို လာမည့်ပညာသင်နှစ်မှစ၍ သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်များ၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ ပညာသင်နှစ် တစ်နှစ်ထပ်တိုးမည်

### နည်းပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ကြရာ၌ နိုင်ငံတော်တွင်သာ တာဝန်ရှိသည်ဟုမခံယူဘဲ အားလုံးတွင် ကိုယ်စီတာဝန်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(လားရှိုး)သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတသည် နည်းပညာတက္ကသိုလ်(လားရှိုး) အစည်းအဝေးခန်းမ၌ ခေတ္တကျောင်းအုပ်ကြီး၊ မော်ကွန်းထိန်း၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ခေတ္တကျောင်းအုပ်ကြီးက နည်းပညာ တက္ကသိုလ်(လားရှိုး)တက္ကသိုလ်ဆိုင်ရာ အချက်အလက်အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခဌာနမှူး ဒေါက်တာညဏ်မြင့်ကျော်က နည်းပညာတက္ကသိုလ်/ကွန်ပျူတာ တက္ကသိုလ်များ၏ အားဖြည့် ပြုပြင်ခြင်းဆိုင်ရာဖြစ်စဉ်အား အစီရင်ခံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် နည်းပညာတက္ကသိုလ်များသည် နည်းပညာရှင်၊ အတတ်ပညာရှင်၊ အင်ဂျင် နီယာများကို မွေးထုတ်ပေးရာ နေရာဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်း အမြစ်များ မွေးထုတ်ပေးရာဌာနကြီးတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါ လူ့စွမ်းအား အရင်းအမြစ်ပညာရှင်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မိုင်းရယ်ရတနာခန်းမ၌ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တန့်ယန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

**ယနေ့ သတင်း အညွှန်း**

### ရတနာပုံတယ်လီပို့ Call Center ဖွင့်

❝မည်သို့ဆက်သွယ်မေးမြန်းရမှန်း မသိဖြစ်နေသည့် အခက်အခဲများကို လျော့ပါးသွားစေနိုင်❞

ပြည်တွင်းသတင်း စာမျက်နှာ - ၂

### သီလဝါအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းလုပ်ငန်းများ အကောင်အထည်ဖော်မည်

❝အနာဂတ်တွင် တန်ချိန်တစ်သိန်းခန့်ရှိ သင်္ဘောများ အသုံးပြုနိုင်မည့် ရေနက်ဆိပ်ကမ်းဆောင်ရွက်မည်❞

ပြည်တွင်းသတင်း စာမျက်နှာ - ၈

### အာတိတ်ရေပြင်အတွင်း မီသိန်းဓာတ်ငွေ့များ ထွက်ပေါ်နေသည့် နေရာကြီး ၁၀၀ ကျော်တွေ့

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

### ဒေးဗစ်ဗီလာ ညီနောင်ကျည်းဒဏ်ရာရ

အားကစားသတင်း စာမျက်နှာ - ၁၀

ကြေးမုံစာတည်းရှုထောင့်

၁၈-၁၂-၂၀၁၁[တနင်္ဂနွေနေ့]။

# လက်ဦးဆရာ မည်ထိုက်စွာ

**"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ"**ဟူသည့် ဆိုစကားရှိသည်။ အမိနှင့်အဖမှာ ကလေးသူငယ်များအတွက် လက်ဦးဆရာများသာ ဖြစ်သည်ဟု ရှေးကဆိုသည်။ ထိုစဉ်က ကလေးသူငယ်များမှာ အမိနှင့်အဖတို့၏ သွန်သင်ဆုံးမမှုအောက်တွင် လူလားမြောက်သည်အထိ ထိတွေ့ဆက်ဆံကြရသည်။ ယနေ့ကာလ၌ ကလေးသူငယ်များမှာ အမိ၊ အဖတို့နှင့် ထိတွေ့မှုနည်းလှသည်။ အမိ၊ အဖအများစုမှာ လုပ်ငန်းခွင်ထဲတွင် ရှိကြသည်။ စကားတတ်စအရွယ်မှစ၍ ကလေးထိန်းကျောင်း၊ မူလတန်းကြိုကျောင်းများသို့ ရောက်သွားတော့သည်။

ထို့ကြောင့် လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ ဆရာ၊ ဆရာမဟု ပြောင်း၍ ဆိုရတော့မည်။ လူမမည်ကလေးအရွယ်သည် သွန်သင်ဆုံးမမှု အကောင်းဆုံး၊ သင်ကြားနားလည်မှု အထိရောက်ဆုံးအရွယ်ဖြစ်ပါသည်။ ဖယောင်းကဲ့သို့ ပုံသွင်းကောင်းသောအရွယ်လည်း ဖြစ်ပါသည်။ ထိုအရွယ်ကလေးငယ်များကို မိဘထက် ဆရာ၊ ဆရာမများက လမ်းပြရှေ့ဆောင်ပေးနိုင်ကြောင်း ခေတ်ကာလက ဆိုနေပါသည်။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဆိုသကဲ့သို့ လိုရာပုံသွင်းပေးရာ၌ သားငယ်သမီးငယ်များကို သားကောင်း သမီးမွန်များဖြစ်လာစေရန် မြေတောင်မြှောက်ပေးသူများမှာ အနီးဆုံးကျင်လည်ရာ အခြေခံဆရာ၊ ဆရာမများဖြစ်ပါသည်။

လက်ရေးလေး လှလှဖြစ်စေဖို့၊ စာကို မှန်မှန်ကန်ကန် ရွတ်ဖတ်တတ်စေဖို့မှအစ ကလေးငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်မှာ ဆရာများ၏ လက်ဝယ်တွင်ရှိပါသည်။ ကျောင်းသင်စာကို နှုတ်တိုက်ချပေးရုံသက်သက်မဟုတ်။ နာသုံးနာသာမဟုတ်။ နာခုနစ်နာဆိုသည်မှာ လွယ်ကူသော အလုပ်မဟုတ်။ တစ်ချိန်သောကာလက ဆရာများသည် ထိုနာသုံးနာဖြင့် အဆင်းရဲခံကာ မိမိတပည့်များကို လူချွန်၊ လူမွန်များ ဖြစ်လာအောင် လုပ်ပေးရရုံဖြင့် ကျေနပ်ခဲ့ကြပါသည်။

ယနေ့ကာလ အချို့ ဤသို့မဟုတ်ကြတော့။ အူမတောင့်မှ သီလစောင့်ကြသည်။ အပြစ်မဆိုသာပါ။ အခြေခံဆရာများဘဝကို မြှင့်တင်ပေးကြရပါမည်။ အမှန်တွင် ပညာရေးစနစ်၏အခြေခံမှာ မူလတန်းပညာဖြစ်ပါသည်။ အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ မူလတန်းပညာဘောင်ကို မြှင့်တင်ကြရပါမည်။ အရည်အချင်းပြည့်ဝသော၊ စိတ်စေတနာကောင်းသော ဆရာ၊ ဆရာမများ ရောက်လာဖို့လိုပါသည်။ မူလတန်းပြဆရာဆိုသည်ကို ယနေ့ပညာတတ်များ စိတ်ဝင်စားကြမည်မဟုတ်ပါ။ အမှန်တွင် မူလတန်းပြဆရာဆိုသည်မှာ အတော်ဆုံး၊ စေတနာအကောင်းဆုံး၊ အရည်အချင်းအပြည့်ဝဆုံး ဆရာများသာ ဖြစ်သင့်ပါသည်။

ထူးချွန်ထက်မြက်၍ စေတနာကောင်းသော ဆရာ၊ ဆရာမများ ပေါ်ထွန်းလာရေးသည် ဒီမိုကရေစီနိုင်ငံသစ်အတွက် အရေးပါသော အချက်တစ်ရပ်ဖြစ်ပါသည်။ ဆရာကျင့်ဝတ်နှင့် အသိတရားပြည့်ဝမှသာ နိုင်ငံသစ်အတွက် အခြေခံအုတ်မြစ်တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ တော်သောကျောင်းသားများ ပေါ်ထွက်လာဖို့ တော်သောဆရာကောင်း များများလိုအပ်ပါသည်။

ကျွန်ုပ်တို့ငယ်စဉ်က ကျောင်းတက်အဓိဋ္ဌာန်ကို အမှတ်ရနေပါသည်။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်ဆိုသကဲ့သို့ ကျောင်းသားတစ်ယောက်ချင်းစီအလိုက်၊ ကျောင်းတစ်ကျောင်းချင်းစီအလိုက်မှ နိုင်ငံတစ်နိုင်ငံလုံးကောင်းလာအောင် လက်ဦးဆရာမည်ထိုက်သော အခြေခံပညာဆရာများမှ အစပြု၍ ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြဖို့အချိန်တန်ပြီ ဖြစ်ပါသည်။ ။

# ရတနာပုံတယ်လီပို့ Call Center ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

**ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့် Blue Ocean Operating Management တို့ ပူးပေါင်းကျင်းပသည့် ရတနာပုံတယ်လီပို့ Call Center ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ဟံသာဝတီအဝိုင်းအနီး မြန်မာ့ဆက်သွယ်ရေးဝင်းအတွင်းရှိ ရတနာပုံတယ်လီပို့ Call Center ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဣန္ဒြီလှက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့တို့ပူးပေါင်း၍ Call Center တည်ဆောက်ခြင်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးတင်ဝင်းတို့က ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် Call Center ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက Call Center ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက Call Center ကမ္ဘည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာဖြင့် ပက်ဖျန်းကြပြီး Call Center အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက Call Center ကို စတင်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား Call Center ၏ Operation ကို ဗီဒီယိုဖြင့် သရုပ်ပြရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရတနာပုံ Call Center ကို မြန်မာနိုင်ငံတွင် ပထမဆုံးသော Call Center တစ်ခုအဖြစ် တည်ဆောက်ပြီး နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်းမှ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လုပ်ငန်း၊ ရုံး၊ ဌာနများသို့ အချိန်ကုန်ခံ၍ ကိုယ်တိုင်သွားရောက် စုံစမ်းရခြင်း၊ မည်သို့ဆက်သွယ်မေးမြန်းရမှန်းမသိ ဖြစ်နေရခြင်းစသည့် အခက်အခဲများကို လျော့ပါးသွားစေနိုင်သော Contact Center များကိုလည်း ထူထောင်နိုင်ရန်၊ ပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်က ပြည်သူလူထုအတွက် ဝန်ဆောင်မှုလုပ်ငန်းအသစ်တစ်ခုအဖြစ် ဖွင့်လှစ်ဝန်ဆောင်မှုပေးရန် စသောရည်ရွယ်ချက်တို့ဖြင့် ဖွင့်လှစ်ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း သိရသည်။ ဆက်လက်၍လည်း နေပြည်တော်နှင့် မန္တလေးမြို့တို့၌ အလားတူ Call Center များ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စတင်ဖွင့်လှစ်**

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း Call Center ကို စတင်ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

# ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ကုန်သည်/စက်မှုအသင်းချုပ် သုတေသနဌာန၏ အကြံပေး Professor Mr. Lex Rieffel က ကမ္ဘာ့ငွေကြေးပဋိပက္ခနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ (The Global Financial Crisis & The International Financial Institutions) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## "သတိပေးနှိုးဆော်ချက်"

ရန်ကုန်မြို့တော်အတွင်း အချို့သောခြေကျင်သွားလာသည့် လမ်းအသုံးပြုသူများ၏ စည်းကမ်းမဲ့ လမ်းဖြတ်ကူးခြင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပြီး သေဆုံး၊ ဒဏ်ရာရလျက်ရှိကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ ခြေကျင်သွားလာသူ (လမ်းအသုံးပြုသူ)များမှ လူသွားစင်္ကြံမှ သွားလာကြရန်နှင့် လူကူးမျဉ်းကျားများ၊ လူကူးခုံးကျော်တံတားတို့မှသာ လမ်းဖြတ်ကူးကြပါရန် လိုက်နာခြင်းမရှိက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၃၁၀၀ | ၀. ၀၃၁၉၄ |
| တရုတ် (ယွမ်) | ၆. ၃၄၇၅၀ | ၀. ၁၅၇၅၄ |
| အိန္ဒိယ (ရူပီး) | ၅၂. ၅၂၅၀ | ၀. ၀၁၉၀၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၇၇၀၀ | ၀. ၃၁၄၇၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၅၁၅ | ၀. ၇၆၆၂၀ |
| ဂျပန် (ယန်း) | ၇၇. ၅၇၀၀ | ၀. ၀၁၂၈၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၈. ၅၀ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၆၆၃၇ | ၁. ၃၀၄၈၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၃၂၁ | ၁. ၅၅၄၇၀ |

*အင်တာနက်။*

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၁၂-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**နေ့လယ်ပိုင်း**

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၁၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၁း၂၅ ၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၁၄)**
၁၁း၅၅ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အချစ်ကမ်းပါး**
၁၂း၄၅ ၇။ ကျန်းမာသုတ
၁း၀၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၁း၁၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၄၃)**

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ လျှပ်တစ်ပြက်
၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ -တတိယမြောက်ည(အပိုင်း-၁) ဘုဏ်းသိုက်၊ မာရီနာနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဘုဏ်းသိုက်)
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၃၇)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၀။ ပဟေဠိနန်းတော်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂၁)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၀၅)**



**ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သော မောင်ဇွဲဇင်ဇော်မြင့်အား ဆုချီးမြှင့်စဉ်။**

(၆၈၄)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နည်းပညာတက္ကသိုလ်(လားရှိုး)၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ယခု ဤတည်ဆောက်ရေးလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်များရှိနေသေးကြောင်း၊ သီအိုရီအပိုင်းအားနည်းလျှင် လက်တွေ့အပိုင်းမှာပါ အလိုအလျောက်အားနည်းမှုများဖြစ်ပေါ်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သေချာစွာ ဆောက်လုပ်ကြမှသာ သက်တမ်းကြာမြင့်စွာ စိတ်ချလက်ချသုံးစွဲနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးကို အခြေခံနေကြသူများဖြစ်နေကြကြောင်း၊ စိုက်ပျိုးရေးဖြင့် စားဝတ်နေရေးပို့လျှံနေသော်လည်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ ခေတ်မီနိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ GDP တိုးတက်သည့်နိုင်ငံများတွင် သိပ္ပံပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များစွာရှိနေကြပြီး ပညာရှင်နည်းပါးသည့်နိုင်ငံများသည် GDP နိမ့်ကျသည်ကို မြင်တွေ့နေရကြောင်း။

စက်မှုနိုင်ငံထူထောင်မည်ဆိုလျှင် နည်းပညာရှင်များ၏ အရည်အသွေးပြည့်ဝမှုအပေါ်တွင် များစွာအခြေခံနေသည်ကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းရှိ ၆၁ ခုသော နည်းပညာတက္ကသိုလ်များသည် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုလာနိုင်သည်အထိ အရည်အသွေးပြည့်ဝနေရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စက်မှုကဏ္ဍဖွံ့ဖြိုးလာစေရန် နည်းပညာရှင်အရေအတွက် များစွာမွေးထုတ်ပေးရဦးမည်ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့်ပညာသင်နှစ်မှစ၍ သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်များအား ပညာသင်နှစ်တစ်နှစ်ထပ်တိုးပြီး သင်ကြားတော့မည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင်လည်း ပညာသင်ကာလအလားတူထပ်တိုး၍ သင်ကြားစေတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ စေတနာဖြင့် ကိုယ့်တိုင်းဒေသကြီး၊ ကိုယ့်ပြည်နယ်နှင့်နီးသောနေရာများတွင် အိုးမကွာ အိမ်မကွာ ပညာသင်ကြားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်အသီးသီးက မွေးထုတ်ပေးလိုက်သော ဘွဲ့ကြိုဘွဲ့လွန်ပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ နည်းပညာရှင်များသည် အမှန်တကယ်တော်သော၊ တတ်သောသူများဖြစ်စေရန် ဆရာ၊ ဆရာမများအပေါ်တွင်မူတည်နေကြောင်း။

ထို့ကြောင့် နည်းပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်ကြရာ၌ နိုင်ငံတော်တွင်သာ တာဝန်ရှိသည်ဟု မခံယူဘဲ အားလုံးတွင် ကိုယ်စီကိုယ်ငတာဝန်ရှိသည်ဟု ခံယူပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများနှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက Sky Net ရုပ်သံဖမ်းစက်သုံးစုံတို့ကို ခေတ္တကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တက္ကသိုလ်မှ မော်ကွန်းထိန်း၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(လားရှိုး)ရှိ လက်တွေ့အသုံးချပစ္စည်းများ ခင်းကျင်းပြသထားမှု၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်တိုးတက်မှုနှင့် ပညာသင်ကြားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် နည်းပညာတက္ကသိုလ်(လားရှိုး) ပင်မအဆောက်အအုံ အားဖြည့်ပြုပြင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ်ဝန်ကြီးချုပ် လိုက်ပါလျက် လားရှိုးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် မိုင်းရယ်မြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး အမျိုးသမီးလူနာဆောင်၊ သားဖွားဆောင်၊ သွားနှင့်ခံတွင်းကုသခန်း၊ ခွဲစိတ်ဆောင်၊ ဆေးစတို၊ ဓာတ်မှန်ခန်း၊ တိုးချဲ့ကာကွယ်ဆေးသိုလှောင်ခန်းနှင့် အမျိုးသားလူနာဆောင်တို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယသမ္မတအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်း၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းသန်းဆွေက ဆေးရုံကြီး၏ သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း၊ ရွှေသံလွင်ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ လွယ်ဟိန်းကုမ္ပဏီ၊ ယူနိုက်တက်အမရာဘဏ်၊ တာမိုးညဲချမ်းသာကုမ္ပဏီ၊ ကမ္ဘောဇဘဏ်လီမိတက်တို့က ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၅၀၊ သင်တန်းလေ့ကျင့်ရေးအတွက် ငွေကျပ်သိန်း ၅၀ နှင့် ရွှေသံလွင်ကုမ္ပဏီက Sky Net ရုပ်သံဖမ်းစက်နှစ်စုံတို့ကို ကျန်းမာရေးဦးစီးမှူးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မိုင်းရယ် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြပြီး သိပ္ပံခန်း၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အလှူငွေပေးအပ်လှူဒါန်းပွဲကို မိုင်းရယ်ရတနာခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ် ၁၀ သိန်း၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများ၊ ACE ကုမ္ပဏီက ကျောင်းရန်ပုံငွေအတွက် ငွေကျပ်သိန်း ၁၅၀၊ ကုမ္ပဏီခြောက်ခုကိုယ်စား ယူနိုက်တက်အမရာဘဏ်ဥက္ကဋ္ဌ ဦးနေအောင်က ငွေကျပ်သိန်း ၈၀၊ ရွှေသံလွင်ကုမ္ပဏီက Sky Net ရုပ်သံဖမ်းစက်နှစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်တို့ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မိုင်းရယ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတအား ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့ရပ်ကွက်၊ ကျေးရွာများအလိုက် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ လွယ်ဟိန်းကုမ္ပဏီ၊ တာမိုးညဲချမ်းသာကုမ္ပဏီ၊ ယူနိုက်တက်အမရာဘဏ်တို့က ဇိနမာန်အောင်ဘုန်းတော်ကြီးကျောင်းအတွက် ငွေကျပ်သိန်း ၁၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဂေါပကအဖွဲ့ဝင် တစ်ဦးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီက မိုင်းရယ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၈ အုပ်စုအတွက် Sky Net ရုပ်သံဖမ်းစက် ၂၈ စုံကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မိုင်းရယ်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် တန့်ယန်းမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တန့်ယန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု၊ သိပ္ပံခန်းနှင့် သင်ကြားသင်ယူမှု အထောက်အကူပြု စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းခန်းမ၌ အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများ၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းနော်ခမ်းက ငွေကျပ် ၁၀ သိန်း၊ ကုမ္ပဏီခြောက်ခု ကိုယ်စားလှယ်များဖြစ်သည့် တာမိုးညဲချမ်းသာကုမ္ပဏီ ဥက္ကဋ္ဌ ဦးမြင့်လွင်က ငွေကျပ်သိန်း ၁၀၀၊ အေးရှားဝေါလ်ကုမ္ပဏီမှ ဦးမြတ်ချိုဝင်းက ကွန်ပျူတာ ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ်သိန်း ၅၀၊ ACE ကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက ငွေကျပ်သိန်း ၁၅၀ နှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက Sky Net ရုပ်သံဖမ်းစက်သုံးစုံတို့ကို မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတအား မြို့နယ်ပညာရေးမှူးက မြို့နယ်၏ ပညာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တန့်ယန်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး သွားနှင့်ခံတွင်းဆေးကုဌာန၊ အမျိုးသမီးလူနာဆောင်နှင့် ခွဲစိတ်ခန်းတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီးသင်တန်းခန်းမ၌ ဆရာဝန်၊ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား မြို့နယ်ကျန်းမာရေးဦးစီးမှူးက မြို့နယ်၏ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးက ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း၊ ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ လွယ်ဟိန်းကုမ္ပဏီ၊ ယူနိုက်တက်အမရာဘဏ်၊ တာမိုးညဲချမ်းသာကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီတို့က ငွေကျပ်သိန်း ၃၀၀၊ ရွှေသံလွင်ကုမ္ပဏီက Sky Net ရုပ်သံဖမ်းစက်နှစ်စုံတို့ကို မြို့နယ်ကျန်းမာရေးဦးစီးမှူးထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြို့နယ်ခန်းမ၌ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယသမ္မတအား ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက မိမိတို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်တို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ ကမ္ဘောဇဘဏ်ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ လွယ်ဟိန်းကုမ္ပဏီ၊ ယူနိုက်တက်အမရာဘဏ်၊ တာမိုးညဲချမ်းသာကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီနှင့် ACE ကုမ္ပဏီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိုင်းကောင်းကျေးရွာ၊ နောင်လိုင်ကျေးရွာနှင့် ပန်ခွဲ့ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၅၀ စီ၊ နားဟုတ်ကျေးရွာ၊ မန်ဝိန်းကျေးရွာနှင့် နောင်ခမ်းကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၃၀ စီကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ရပ်မိရပ်ဖများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တန့်ယန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နှင့် တန့်ယန်းမြို့ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အစိုးရအဖွဲ့များ ရောက်ရှိလာခြင်းသည် ဤဒေသအတွင်းရှိ ပြည်သူလူထု၏ အခက်အခဲများကို ကူညီဖြေရှင်းပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရအဖွဲ့၊ ဥပဒေပြုရေးလုပ်ငန်းများဆောင်ရွက်နေသည့် လွှတ်တော်များ၊ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တရားသူကြီးများရှိနေပြီဖြစ်ပြီး ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရန် တာဝန်ရှိကြသူများဖြစ်ကြကြောင်း။

ယခုတက်ရောက်လာကြသော အုပ်ချုပ်ရေးမှူးများသည် မိမိတို့ဒေသ၊ မြို့နယ်၊ ရပ်ကွက်ကောင်းကျိုးများအတွက် နိုင်ငံတော်၏ တာဝန်ပေးအပ်လာမှုများကို အကောင်အထည်ဖော်သွားရမည်ဖြစ်သကဲ့သို့ ပြည်သူလူထု၏ အခက်အခဲများကိုလည်း ပြေလည်အောင် ဖြေရှင်းပေးကြရမည့် ကြားခံပုဂ္ဂိုလ်များပင်ဖြစ်သည့်အတွက် ယခုတွေ့ဆုံပွဲတွင် အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများကို ခေါ်ယူတွေ့ဆုံမှာကြားနေခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးများသည် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာစေရန် ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ရာ၌ အစိုးရအဖွဲ့အစည်းကသာ ဆောင်ရွက်ရန်မဖြစ်နိုင်သကဲ့သို့ ပြည်သူလူထုချည်းသာ ဆောင်ရွက်၍လည်း မရကြောင်း၊ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းလုပ်ဆောင်မှ အောင်မြင်မည်ဖြစ်ကြောင်း။

ဤဒေသသည် ထူးခြားသော ဝိသေသရှိသည့်ဒေသဖြစ်ကြောင်း၊ အငြင်းပွားစရာ ပဋိပက္ခအနည်းနှင့် အများရှိနေသေးသည့် ဒေသများဖြစ်သော်လည်း မတူသည်များကို ဘေးဖယ်ထားကာ တူညီသည်များကို ဝိုင်းဝန်းလုပ်ဆောင်နိုင်ကြမှသာ ဤဒေသများ အပါအဝင် နိုင်ငံတစ်ဝန်းလုံး မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အရေးအကြီးဆုံးသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးပင် ဖြစ်ကြောင်း။

ဒီမိုကရေစီလမ်းကြောင်းကိုသွားရာတွင် မိမိတို့လိုလားသည့်ဆန္ဒများကို တရားနည်းလမ်းတကျ တင်ပြဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တရားနည်းလမ်းတကျ တင်ပြခြင်းမျိုးမဟုတ်၍ ဖြစ်ပေါ်လာသည့် ပဋိပက္ခများကို အရင်ဆုံးခံစားရမည့်သူများမှာ ပြည်သူလူထုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ မိမိတို့လုပ်ဆောင်ပေးနိုင်သည်ကို လုပ်ဆောင်ပေးနိုင်ရန် လာရောက်ချိန်တွင် လိုအပ်သော ကိစ္စရပ်များ၊ လိုလားသည့်ဆန္ဒများကို စနစ်တကျတင်ပြသွားရန်လိုအပ်ကြောင်း၊ မိမိတို့ဒေသ၊ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဦးတည်တင်ပြဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးမှူးများအနေဖြင့် နိုင်ငံတော်က ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရာတွင်လည်းကောင်း၊ ပြည်သူလူထုအကျိုးကို ဆောင်ရွက်ရာတွင် လည်းကောင်း သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တို့ ပီပီပြင်ပြင် ပေါ်ပေါက်လာရေးအတွက် လာဘ်ပေးလာဘ်ယူ ကိစ္စရပ်များ ကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

## တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

**ယနေ့ နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာသည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်ထိ၊ မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီ စင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင်(-၁)ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ကသာမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မနက်ဖြန်ညနေထိ ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# လန်ဒန် အိုလံပစ်လုံခြုံရေး ဗြိတိသျှတပ်ဖွဲ့ဝင် ၁၃၀၀၀ ကျော် တာဝန်ယူမည် အာဖဂန်စစ်မြေပြင်သို့ စေလွှတ်ခဲ့သော တပ်ဖွဲ့ဝင်အရေအတွက်ထက် ၄၀၀၀ ပိုများ

လန်ဒန် ဒီဇင်ဘာ ၁၇

**၂၀၁၂ ခုနှစ် လန်ဒန် အိုလံပစ်အားကစားပြိုင်ပွဲကို အကြမ်းဖက်သမားများအန္တရာယ်မှ ကာကွယ်ပေးရေးအတွက် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၃၅၀၀ ကျော်တို့က လုံခြုံရေးတာဝန်ယူမည်ဖြစ်ရာ အာဖဂန်စစ်မြေပြင်သို့ စေလွှတ်ထားသည့် တပ်ဖွဲ့ဝင်အရေအတွက်ထက် ၄၀၀၀ မျှ ပိုများပြားကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။**



၂၀၁၂ ခုနှစ် အိုလံပစ်ပြိုင်ပွဲအတွင်း အားကစားပွဲများ လက်ခံကျင်းပမည့် လန်ဒန်အိုလံပစ် အားကစားကွင်း။

လန်ဒန်အိုလံပစ်၏ လုံခြုံရေးကို တာဝန်ယူကြမည့် ဗြိတိသျှတပ်ဖွဲ့ဝင်များထဲတွင် ဗုံးရှင်းလင်းရေးကျွမ်းကျင်သူများ၊ အဆောက်အအုံရှာဖွေရေးအဖွဲ့များနှင့် ပုံမှန်တပ်ဖွဲ့ဝင်များ ပါဝင်မည်ဖြစ်ပြီး အားကစားပွဲတော်လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ကို အထောက်အကူပေးသွားမည်ဖြစ်ကြောင်း ဒေးလီးမေးလ် သတင်းစာက ဖော်ပြသည်။

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ လင့်စ်နှင့် ပူးမားအမျိုးအစားရဟတ်ယာဉ်များနှင့်အတူ လက်ဖြောင့်သေနတ်သမားများကလည်း လန်ဒန်မြို့တော်ကောင်းကင်ယံ၌ ကင်းလှည့်စောင့်ကြပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အိုလံပစ်ပြိုင်ပွဲကျင်းပရာဆီသို့ မိနစ်ပိုင်းအတွင်း ပျံတက်နိုင်ရန် ဗြိတိန်ဘုရင့်လေတပ်၏ စကော့တလန်နှင့် လင်ကွန်ရှိုင်းယားအခြေစိုက် တိုင်ဖွန်းတိုက်လေယာဉ်များကို လန်ဒန်အနောက်ပိုင်း နော့သ်ဟို့လေတပ်စခန်းသို့ ပြောင်းရွှေ့တပ်စွဲထားမည်ဖြစ်ကြောင်းလည်း ဒေးလီးမေးလ်သတင်းစာက ဖော်ပြသည်။

ဗြိတိန်ဘုရင့်ရေတပ်မှ စစ်သင်္ဘောများနှင့် လေတပ်တိုက်လေယာဉ်များကိုလည်း လန်ဒန်အိုလံပစ်ပွဲတော်အား အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်မှ ကာကွယ်ရေးအတွက် အသင့်အနေအထားဖြင့် ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံပေါင်း ၁၀၅ နိုင်ငံတို့မှ အားကစားသမား ၁၀၅၀၀ ပါဝင်ဆင်နွှဲမည်ဖြစ်ပြီး ကြည့်ရှုအားပေးသူ ၁၀ ဒသမ ၈ သန်းမျှရှိမည့် ၂၀၁၂ လန်ဒန်အိုလံပစ်ပွဲတော်သည် ဆယ်စုနှစ်များစွာအတွင်း ဗြိတိန်နိုင်ငံရင်ဆိုင်ခဲ့ရသမျှ အကြီးမားဆုံးသော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုဖြစ်လာသည်။ ***အင်တာနက်။***

# ၁၀ ထပ်အမြင့်မှ ပစ်ချခံရသော တစ်နှစ်သားကလေး အသက်မသေ

**တိုကျို ဒီဇင်ဘာ ၁၇**

ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ တစ်နှစ်သားအရွယ်ကလေးတစ်ဦးသည် ၎င်း၏ဖခင်က ၁၀ ထပ်အမြင့်မှ ပစ်ချခဲ့သော်လည်း ကံကောင်းထောက်မစွာဖြင့် သေဆုံးခဲ့ခြင်းမရှိဘဲ ဒဏ်ရာ အနည်းငယ်မျှသာ ရရှိခဲ့ကြောင်း ဒီဇင်ဘာ ၁၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဖခင်ဖြစ်သူက ပြတင်းပေါက်မှတစ်ဆင့် ပစ်ချခဲ့သော်လည်း အဆိုပါကလေးသည် ချုံနွယ်ပိတ်ပေါင်းတစ်ခုပေါ်သို့ ကျရောက်ခဲ့ပြီး ပွန်းမိခြစ်မိရုံမျှသာ ထိခိုက်ခဲ့ရကြောင်း ဂျပန်တိုင်းမ်အမည်ရှိ သတင်းစာက ဖော်ပြသည်။

အသက် (၃၇) အရွယ် ရှင်ဂို ဟာရှိမိုတိုအမည်ရှိ ဖခင်က ကလေးအား ၁၀ ထပ်အမြင့်မှ ပစ်ချခဲ့ကြောင်း ရဲတပ်ဖွဲ့ကို ဝန်ခံထွက်ဆိုခဲ့ပြီးနောက် ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

ဟာရှိမိုတိုသည် ၎င်းတို့မိသားစုနေထိုင်ရာ တိုက်ခန်း၏ ပြတင်းပေါက်မှ ကလေးကိုပစ်ချခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးသူများက ပြောကြားခဲ့သည်။

ဇနီးသည်၊ အသက်လေးနှစ်အရွယ်သမီးနှင့် ယောက္ခမဖြစ်သူတို့နေအိမ်မှ ထွက်သွားပြီးနောက် ဟာရှိမိုတိုသည် သားဖြစ်သူအတွက် သောကရောက်ခဲ့ရသည်ဆိုသည်။

ဟာရှိမိုတိုကို စိတ်ပိုင်းဆိုင်ရာစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ***အင်တာနက်။***

# ဘရာဇီးနယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါး ၁၁၅ တန်ကျော် သိမ်းဆည်းရမိ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁၇**

ဘရာဇီးနိုင်ငံ၏ နယ်စပ်ဒေသများ၌ လွန်ခဲ့သည့် ခြောက်လတာကာလအတွင်း မူးယစ်ဆေးဝါး ၁၁၅ တန်ကျော်ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်သူ ၄၂၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြသည်။

ဘရာဇီးအစိုးရအဖွဲ့သည် နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခို သယ်ဆောင်မှုလုပ်ရပ်များကို တားဆီးနိုင်ရန် မဟာဗျူဟာမြောက် နယ်စပ်ဒေသများ အစီအစဉ်ဟု အမည်ပေးထားသော လုပ်ငန်းစီမံချက်တစ်ရပ်ကို ဇွန်လမှစ၍ အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်နယ်အစိုးရအဖွဲ့အစည်းများသည် ဗဟိုအစိုးရအဖွဲ့နှင့်အတူ အဆိုပါလုပ်ငန်းစီမံချက်ကို ပူးပေါင်းကာဆောင်ရွက်လျက်ရှိကြောင်း ဘရာဇီးဒုတိယသမ္မတ မိုက်ကယ်တီမာက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် လွန်ခဲ့သည့် ခြောက်လတာကာလအတွင်း ဆေးခြောက် ၉၉ ဒသမ ၅ တန်၊ ကိုကင်း ၁၅ ဒသမ ၈ တန်၊ လက်နက်ငယ် ၅၃၅ လက်၊ မှောင်ခိုတင်သွင်းသော ဆေးဝါးများနှင့် စီးကရက်များကို သိမ်းဆည်းရမိခဲ့သည်။ *ဆင်ဟွာ။*

# အာတိတ်ရေပြင်အတွင်း မီသိန်းဓာတ်ငွေ့များ ထွက်ပေါ်နေသည့်နေရာကြီး ၁၀၀ ကျော် တွေ့ရှိရ

**မော်စကို ဒီဇင်ဘာ ၁၇**

အာတိတ်သမုဒ္ဒရာရေပြင်အတွင်း မီသိန်းဓာတ်ငွေ့များ ပလုံစီထွက်ပေါ်လွင့်ပျံ့လျက်ရှိသည့်နေရာ ၁၀၀ ကျော်ကို ရုရှားသိပ္ပံပညာရှင်များက တွေ့ရှိခဲ့ရာ အချို့သောနေရာများသည် အကျယ်အဝန်းအချင်းမီတာ ၁၀၀၀ မျှအထိရှိကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများ၌ ဖော်ပြထားသည်။

အာတိတ်ဒေသကမ်းဦးရေတိမ်ပိုင်း ကျုံ့ဝင်လာချိန်တွင် ပမာဏမခန့်မှန်းနိုင်သော မီသိန်းဓာတ်ငွေ့များ ထွက်ပေါ်လာမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အရှိန်မြင့်တက်လာမည့်အရေးကို သိပ္ပံပညာရှင်များက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထက် အဆ ၂၀ ပို၍ အန္တရာယ်ပေးနိုင်သော မီသိန်းဓာတ်ငွေ့များ အာတိတ်ရေပြင်အတွင်း အများအပြားထွက်ပေါ်နေခြင်းကြောင့် ယင်းရေပြင်၌ ဆယ်စုနှစ်ပေါင်းများစွာ စူးစမ်းလေ့လာမှုများ ပြုလုပ်နေသည့် သိပ္ပံပညာရှင်များအဖို့ တုန်လှုပ်ခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ယခင်က အာတိတ်ရေပြင်၌ မီသိန်းဓာတ်ငွေ့ထွက်ပေါ်သည့်နေရာများ တွေ့ရှိခဲ့သော်လည်း အကျယ်အဝန်းမှာ အချင်းအားဖြင့် မီတာ ၁၀ ဂဏန်းမျှသာဖြစ်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီမှ သိပ္ပံပညာရှင် အိုက်ဂေါ်ဆီမီလေတော့ဗ်က ပြောကြားခဲ့သည်။

ရုရှားကုန်းမကြီးမှသည် အရှေ့ဆိုက်ဘေးရီးယား အာတိတ်ကမ်းဦးရေတိမ်ဒေသအထိ ကျယ်ပြန့်သော ဒေသအဝန်းအဝိုင်းအတွင်း မီသိန်းဓာတ်ငွေ့များ ထွက်ပေါ်နေသည့် နေရာထောင်နှင့်ချီ၍ ရှိနေနိုင်ကြောင်း ရုရှားသိပ္ပံပညာရှင်များက ခန့်မှန်းသည်။

အာတိတ်ရေပြင်ကိုဖြတ်၍ ပလုံစီထွက်ပေါ်လွင့်ပျံ့နေခြင်းဖြင့် မီသိန်းဓာတ်ငွေ့များသည် ပင်လယ်ကြမ်းပြင်မှ ကမ္ဘာ့အထက်လေထုလွှာအတွင်း တိုက်ရိုက်ရောက်ရှိနေရာ လေထုအတွင်း မီသိန်းဓာတ်ငွေ့စုဖွဲ့လာမှုသည် ပုံမှန်ထက် အဆပေါင်းများစွာ မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။ ***အင်တာနက်။***



# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ရုရှားနိုင်ငံ အဖွဲ့ဝင်ဖြစ်ပြီ

**ဂျီနီဗာ ဒီဇင်ဘာ ၁၇**

ရုရှားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)၌ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခွင့်ရရှိပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် ဒဗလျူတီအို၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခွင့်ရရှိရန် ၁၈ နှစ်ကြာမျှ ကြိုးပမ်းခဲ့ကြောင်း အဆိုပါအဖွဲ့ အကြီးအကဲက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင် ၁၅၃ နိုင်ငံက ရုရှားနိုင်ငံအား အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခွင့်ပေးရန် ဒုတိယအကြိမ်နှင့် အပြီးသတ်အကျော့ ထောက်ခံခဲ့ကြသည်။ ရုရှားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ နောက်ဆုံးဝင်ရောက်ခွင့်ရရှိသော စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ကြောင်း ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် ပါစကယ်လာမီက ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ရုရှားနိုင်ငံ အဖွဲ့ဝင်ဖြစ်လာခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း လာမီက ပြောကြားသည်။

ရုရှားနိုင်ငံအား ဒဗလျူတီအို၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပြုခြင်းကို ရုရှားဒုတိယဝန်ကြီးချုပ် အီဂေါ်ရှူဗာလော့က ကြိုဆိုလိုက်သည်။

ရုရှားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် ၁၉၉၃ ခုနှစ်ကတည်းကပင် ကြိုးပမ်းခဲ့သည်။ ***အင်တာနက်။***

# အန္တာတိကဒေသ၌ ရုရှားငါးဖမ်းသင်္ဘော ဘေးဒုက္ခတွေ့ကြုံနေရ

**မော်စကို ဒီဇင်ဘာ ၁၇**

ရုရှားငါးဖမ်းသင်္ဘောတစ်စင်းသည် အန္တာတိကဒေသအနီးရှိ ပင်လယ်ရေပြင်တွင် ဘေးဒုက္ခတွေ့ကြုံနေရကြောင်း၊ သို့ရာတွင် ပင်လယ်ပြင်မျက်နှာပြင်၌ ရေခဲဖုံးအုပ်နေမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းလုပ်ကိုင်ရန် အခက်အခဲရှိနေကြောင်း နယူးဇီလန်တာဝန်ရှိသူများက ဒီဇင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

ဘေးဒုက္ခတွေ့ကြုံနေရသော ရုရှားငါးဖမ်းသင်္ဘောရှိရာသို့ ရောက်ရှိရန် လေးရက်မှငါးရက်အထိ သွားရန်လိုကြောင်း နယူးဇီလန်ပင်လယ်ရေကြောင်းဌာနက ပြောကြားသည်။

စပါတာအမည်ရှိ ငါးဖမ်းသင်္ဘောပေါ်တွင် သင်္ဘောဝန်ထမ်း ၃၂ ဦးပါရှိကြောင်း၊ သင်္ဘောဝန်ပေါ့စေရန် သင်္ဘောပေါ်ရှိ ကုန်စည်များကို စွန့်ပစ်ခဲ့ပြီး အသက်ကယ်ဖောင်များကို အသင့်ပြင်ဆင်ထားကြောင်း နယူးဇီလန်ပင်လယ်ရေကြောင်းဌာနက ပြောကြားသည်။ ***အင်တာနက်။***

# တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုနှင့် ရေလွှမ်းမိုးမှုများကြောင့် ဖိလစ်ပိုင်တောင်ပိုင်း၌ လူရာပေါင်းများစွာ သေဆုံး

မနီလာ ဒီဇင်ဘာ ၁၇

**ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ဝါရှီအမည်ရှိ တိုင်ဖွန်းမုန်တိုင်းမွှေနှောက်တိုက်ခတ်မှုကြောင့် ရုတ်တရက်ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၄၄၀ သေဆုံးခဲ့ရပြီး ၂၀၀ နီးပါး ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက စနေနေ့တွင် ပြောကြားသည်။**

လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၉၀ ရှိသော ဝါရှီတိုင်ဖွန်းမုန်တိုင်းသည် မင်ဒါနာအိုကျွန်းကို ဒီဇင်ဘာ ၁၇ ရက် ညပိုင်း၌ ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ပြည်တွင်းလေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပွားခဲ့ရသည်။

ဝါရှီတိုင်ဖွန်းကြောင့် ရုတ်တရက်ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ မင်ဒါနာအိုကျွန်းမြောက်ပိုင်း လန်နာအိုဒယ်လ်နော်တီပြည်နယ်မှ ဒေသခံပြည်သူထောင်ပေါင်းများစွာတို့ နေအိမ်များ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

လန်နာအိုဒယ်လ်နော်တီပြည်နယ်ရှိ အီလီဂန်နှင့် ကာဂါယန်ဒီအိုရိုမြို့များသည် ဝါရှီတိုင်ဖွန်းမုန်တိုင်းဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ရကြောင်း ဖိလစ်ပိုင်အမျိုးသားကြက်ခြေနီအဖွဲ့က ပြောကြားသည်။

မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုနှင့်အတူ မြစ်ရေကြီးမှုများဖြစ်ပွားခဲ့ရာ လူဦးရေ ၁၀၀၀၀၀ မျှ နေထိုင်သော အီလီဂန်မြို့၏ လေးပုံတစ်ပုံကို ရေလွှမ်းမိုးခဲ့ရကြောင်း ယင်းမြို့၏ မြို့တော်ဝန်က ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုများဖြစ်ပွားသည့်အချိန်သည် လူအများ အိပ်စက်နေချိန်ဖြစ်ရာ ဘေးအန္တရာယ်မှ လွတ်မြောက်ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အခက်အခဲရှိခဲ့ရကြောင်း ဖိလစ်ပိုင်အမျိုးသားကြက်ခြေနီအဖွဲ့၏အဆိုအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ်ပျမ်းမျှအားဖြင့် အပူပိုင်း



တိုင်ဖွန်းမုန်တိုင်း ၂၀ ကို တွေ့ကြုံရင်ဆိုင်ရလေ့ရှိပြီး ယင်းမုန်တိုင်းများကြောင့် လူသေဆုံးမှုနှင့် ပျက်စီးမှုများ ရံဖန်ရံခါကြုံရတတ်သည်။ ***ရိုက်တာ။***

**မင်ဒါနာအိုကျွန်းမြောက်ပိုင်း ကာဂါယန်ဒီအိုရိုမြို့၌ တိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်။**





## ရိုးရာဓလေ့

**ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား မြန်မာ့ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လက်အုပ်ချီမိုးရှိခိုးကန်တော့ကြစဉ်။**

(သတင်းစဉ်)

❍ ၁၃၇၃ ခုနှစ်မှ

အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာကာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စာဆိုတော်နေ့ သဝဏ်လွှာကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ဖတ်ကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ခိုင် (မြတ်ခိုင်)က ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်း (ငွေသော်တာ)က သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေနှင့် ကန်တော့ပစ္စည်းလှူဒါန်းသူများစာရင်းကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား မြန်မာ့ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လက်အုပ်ချီမိုးရှိခိုးကန်တော့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများဖြစ်ကြသော ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)၊ ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) (လင်းရောင်မင်းလှ)၊ ဦးချမ်းအေး (မောင်စူးစမ်း)၊ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း (ဝဏ္ဏကျော်ထင် ဦးသက်ထွန်း)၊ ဦးကျော်ဆန်း (သုခိအောင်)၊ ဦးတင်မောင် (သိပ္ပံမှူးတင်)၊ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) (မှူးသမိန်)၊ ဦးတင့်ဆွေ (တင့်ဆွေ-ဖျာပုံ)၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးချစ်ဆွေ (နောင်စစ်သည်)၊ ဦးမျိုးညွန့် (ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်-ငြိမ်း)၊ ဦးခင်မောင်သောင်း (မိုးမိုးတာရောစန်)၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ ဒေါ်ခင်ကြည် (တက္ကသိုလ်ကြည်မာ)၊ ဒေါ်တင်တင်ဝင်း (မေတင့်ဟန်)နှင့် ဒေါ်ခင်သန်းရှိန်(ခင်သန့်စင်-ရေး)တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ လှူဒါန်းငွေကျပ် သုံးသောင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လှူဒါန်းငွေကျပ် ၁၂၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လှူဒါန်းငွေကျပ် ငါးသောင်း စုစုပေါင်းငွေကျပ် နှစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက် ပေးအပ်သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဦးသန်းဦး (ပြည်-စိုးမင်း)၊ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)၊ ဦးလှမြိုင် (ကိုဆောင်း)၊ ဗိုလ်မှူးကြီးခင်မောင်အေး (ငြိမ်း) (ခင်မောင်အေး-မန္တလေး)၊ ဦးတင့်အောင် (ဗိုလ်ကလေးတင့်အောင်)၊ ဦးမောင်ကလေး (သောကြာဦးမောင်ကလေး)၊ ဦးထိန်လင်း (အယ်ဒီတာချုပ်)၊ ဦးကျော်ဝင်း (ဝမ်းအိုဝမ်းကျော်ဝင်းမောင်)၊ ဦးချစ်လှိုင် (ကိုကိုမောင်ကြီး)၊ သခင်တင်ဦး (ဗိုလ်သခင်ဆရာ)၊ ဦးထွန်းရှိန် (မိုးတားထွန်းရှိန်)၊ ဦးအုန်းမောင် (ရာမဦးအုန်းမောင်)၊ ဦးအောင်သန့် (အငြိမ်းစားသံအမတ်ကြီး)၊ သခင်အောင်ကြီး (ပေါင်းတည်)၊ ဦးပီကျော်ဟန် (ပီကျော်ဟန်)၊ ဦးတင်မြ (သခင်တင်မြ)၊ ဦးဌေးမောင် (ဌေးမောင်)နှင့် ဦးဝင်းမောင် (မင်းယုဝေ)တို့အား ငွေကျပ် နှစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက် ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား ဒေါက်တာခင်မောင်ညွန့်က ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရေး ဗဟိုကော်မတီကိုယ်စား ကျေးဇူးတင်စကားပြောကြားရာတွင် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများ ပံ့ပိုးလှူဒါန်းခဲ့ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များအား ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် စာပေနှင့် အနုပညာလောကသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စာပေနှင့် အနုပညာလောက ဖွံ့ဖြိုးတိုးတက်မြင့်မားရန် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဆိုသည့် မူဝါဒနှင့်အညီ ယခုနှစ်တွင် သက်ကြီးစာပေပညာရှင်ကြီး ၁၅၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အလှူငွေကျပ် ၇၆ သိန်း လှူဒါန်းခဲ့ပါကြောင်း၊ ယခင်နှစ်က သက်ကြီးဂီတပညာရှင်ကြီး ၄၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၁၅၀၀၀၀ ထည့်ဝင်လှူဒါန်းခဲ့သည်ကို သတင်းစကား ကြားသိရပါကြောင်း၊ နောင်နှစ်များတွင်လည်း စာပေလောကသားများနှင့် အနုပညာလောကသားများအတွက် ပူးပေါင်းဆောင်ရွက်မှုများ၊ ပံ့ပိုးလှူဒါန်းမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသဖြင့် အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်အပ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယခုနှစ်တွင် အသက်(၈၀)နှင့်အထက် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ စုစုပေါင်း ၁၅၂ ဦးရှိပြီး ယနေ့ အခမ်းအနားသို့ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီး ၁၁၈ ဦး တက်ရောက်ကြသည်။

အခမ်းအနားသို့ မတက်ရောက်နိုင်ကြသည့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက အိမ်တိုင်ရာရောက် လိုက်လံကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများထံ လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်စဉ်။** (သတင်းစဉ်)






## ကျန်းမာရေးအသိပညာ မူလတန်းကျောင်းများ၌ ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့ရှိ မူလတန်းကျောင်း ၄၂ ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား မတော်တဆဒဏ်ရာအနာတရရှိလျှင် ရောဂါပိုးမဝင်နိုင်ရန်နှင့် အနာအမြန်ကျက်စေရန် ပြုမူလုပ်ဆောင်ရမည့် ကျန်းမာရေးဆိုင်ရာ အချက်များကို Hansaplast က How to take care wound? ခေါင်းစဉ်ဖြင့် နိုဝင်ဘာလက အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းသား၊ ကျောင်းသူများအား Hansaplast ဖြင့် အသိပညာပေး သရုပ်ပြခဲ့သည်။ ထို့နောက် ဒဏ်ရာရလျှင် မည်သို့ပြုလုပ်ရမည်ကို ကျောင်းသားများအား ပြန်လည်မေးမြန်းပြီး အဖြေမှန် ကျောင်းသားများအား ဆုများပေးအပ်ခဲ့သည်။ ဟောပြောပွဲသို့ တက်ရောက်လာသော ကျောင်းသားများအား Hansaplast မှ ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်များ ပေးအပ်ပြီး ဟောပြောပွဲကျင်းပခွင့်ပေးသည့် ကျောင်းများအား Hansaplast ဆေးသေတ္တာများလှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (ကြေးမုံ)

## ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုနှင့် ပုလောမြို့နယ်ဦးစီးမှူး ဦးဝင်းအောင်တို့သည် ဒီဇင်ဘာ ၁၃ ရက်တွင် ပုလောမြို့နယ် ပုလောကုန်းကျေးရွာအုပ်စု စံပြကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ဆောက်လုပ်နေမှုကို ကြီးကြပ်စစ်ဆေးခဲ့ပြီး တောင်ယာကမ်းကျေးရွာအုပ်စု စစ်ပြင်ကြီးကျေးရွာ စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ခရိုင်ဦးစီးအရာရှိသည် ဒီဇင်ဘာ ၁၄ ရက်တွင် ပလောက်မြို့နယ်ခွဲ ဦးစီးမှူးနှင့်အတူ ဆင်ထိုးကြီးကျေးရွာအုပ်စု ဆင်ထိုးကြီးကျေးရွာ၌ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ရေးအကြောင်း ဟောပြောပြီး ဆင်ထိုးကြီးကျေးရွာအုပ်စု ဘုရင့်တောင်ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန် ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ မြေနေရာရရှိရေး အလှူခံပေးခဲ့ရာ မြိတ်-ထားဝယ်ကားလမ်းဘေးရှိ မြေအကျယ်အဝန်းပေ (၃၀×၂၀) မြေကွက်အား မြေပိုင်ရှင် နော်ဟဲရီထန်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၈-၁၂-၂၀၁၁ (တနင်္ဂနွေနေ့)**

**[(၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ဥပုသ်နေ့]**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ တေးဂီတအစီအစဉ်
- ၈:၃၅ ၁၀။ International News
- ၈:၄၅ ၁၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက် ဘတ်ဂျောင်ဂွန်း" (အပိုင်း-၃၃)**
- ၁၂:၃၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "အုတ်ကြားထဲကမြက်" (ဟိန်းဝေယံ၊ ပုလဲဝင်း၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်၊ ဇော်ဦး) (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)**
- ၂:၀၀ ၆။ သက်တံရောင်သံစဉ်
- ၂:၁၅ ၇။ မနိုင်သောအရှုံး
- ၂:၃၀ ၈။ အတီးပြိုင်ပွဲ
- ၂:၅၀ ၉။ International News
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၅ ၄။ တေးသရုပ်ဖော်အစီအစဉ်
- ၄:၃၀ ၅။ "ရတနာစုံညီနေပြည်တော်ဆီ"
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၈။ "ပထမအကြိမ်ဟုမ္မလင်းမြို့နယ် ရှမ်းနှစ်သစ်ကူးပွဲတော်"
- ၅:၂၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၂၃)**
- ၆:၄၀ ၁၃။ တစ်မျက်နှာ၊ တစ်ကွက်စာ "ကြိုးမဲ့တီးခတ်ခြင်းသံစဉ်" (ဇာတ်သိမ်းပိုင်း) (ဇေယျ၊ နိုဘယ်လ်ကျော်ကျော်၊ မာရီနာ) [ဒါရိုက်တာ-မေတင်(MMG)]
- ၇:၀၀ ၁၄။ **မြန်မာရုပ်ရှင် "သာလောင်၊ ပြာလောင်" (အပိုင်း-၁) (ကျော်ဟိန်း၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-အောင်မြင့်မြတ်)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၇၅)**
- ၁၉။ **မြန်မာရုပ်ရှင် "သာလောင်၊ ပြာလောင်" (ဇာတ်သိမ်းပိုင်း) (ကျော်ဟိန်း၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-အောင်မြင့်မြတ်)**
- ၂၀။ အစီအစဉ်ပြီး၏။

အတည်ပြုချိန် - ၁:၁၀

# အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ် ပြည့်စုံကြွယ်ဝမှုအရေးကြီး

## အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို နိုင်ငံတော်က လိုအပ်ချက်အရ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများ၌လည်း အလားတူ အဖွဲ့အစည်းများဖွဲ့စည်းထားပြီး ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်က ဦးဆောင်ဦးရွက်ပြု၍ ၁၉၄၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် လူဦးရေကော်မရှင်ကို အဖွဲ့ဝင် ၂၇ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ်တွင် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဟု အမည်ပြောင်းလဲ၍ အဖွဲ့ဝင် ၄၇ နိုင်ငံဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအများစု၏လွှတ်တော်များတွင်လည်း လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သည်ကို တွေ့ရပါကြောင်းဖြင့် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် အစည်းအဝေး (၁/၂၀၁၁)တွင် အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြောကြားရာတွင် အာရှဒေသတွင်း၌လည်း လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပါလီမန်အမတ်များ၏ အာရှဖိုရမ် (AFPPD) ကို ၁၉၈၁ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းအဖွဲ့သည် ယခုအခါ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်၍ လုပ်ငန်းများဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်းအဖွဲ့အစည်းသည် လူဦးရေမူဝါဒချမှတ်ပြီး ဆက်နွယ်သည့်လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို ဆက်စပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါအဖွဲ့အစည်းတွင် မြန်မာနိုင်ငံပါဝင်နိုင်ရေးအတွက် ပြီးခဲ့သည့်လအတွင်းက AFPPD မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Shiv Khare လာရောက်၍ လွှတ်တော်ရှိ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်းဖြင့်လည်း ပြောကြားသည်။

ထို့အပြင် ယခုအခါ လွှတ်တော်တွင်လည်း လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီးဖြစ်သကဲ့သို့ အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်သည့် အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကိုလည်း ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင်





သဘာဝသယံဇာတအရင်းအမြစ်ပေါကြွယ်ဝမှုသာမက အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ် ပြည့်စုံကြွယ်ဝမှုသည်လည်း အရေးကြီးပါကြောင်း၊ ပျော်ရွှင်ဖွယ် မိသားစုဘဝတည်ဆောက်နိုင်ရေး၊ ကျန်းမာသန်စွမ်းသောကလေးများ မွေးဖွားနိုင်ရေး၊ ဉာဏ်ပညာထက်မြက်ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာစေရေး၊ အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများဖြစ်လာစေရေးတို့အတွက် ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားသည်။

တစ်ဆက်တည်းပင် မြန်မာနိုင်ငံတွင် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နိုင်ငံတကာရှိ လူဦးရေဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က ကော်မရှင်၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက လူဦးရေမူဝါဒများချမှတ်နိုင်ရေး၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဥပဒေရေးဆွဲနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### အမှာစကားပြောကြား

**အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်အစည်းအဝေး (၁/၂၀၁၁) တွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)





**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ပုလဲမြို့နယ် တောင်ယမား ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ပုလဲမြို့နယ်အတွင်း ကျောင်းဆောင်သစ်ဖွင့်၊ ရေလှောင်တမံများ ရေဝင်ရောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၇

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာ ကွင်းအမှတ်(၈၈၃ က/ ၈၁/၂)ရှိ တောင်သူ ဦးသာစိုး၏ ရောမင်းစပါး ၃ ဒသမ ၀၀ ဧကအား စက်ကြီးများဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ပုလဲမြို့နယ် ပန်းရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခရေနှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွှန့်နှင့် တိုင်းဒေသကြီးပညာရေးမှူး ဦးမြင့်စိုးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်ဆွေက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပညာရေးမှူး ဦးမြင့်စိုးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ဘိလပ်မြေအိတ် ၁၀၀၊ မျက်နှာကြက်ကျောက်ပြားများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် အလှူငွေများထောက်ပံ့ ပေးအပ်သည်။

အဆိုပါ ခရေနှစ်ထပ်ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ နှင့် အမြင့် ၂၄ ပေရှိ RC အုတ်ညှပ်နှစ်ထပ်ဆောင်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုလဲမြို့နယ် တောင်ယမား ရေလှောင်တမံသို့ရောက်ရှိပြီး ပင်မရေပိုလွှဲ ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် ပုလဲမြို့နယ် ဝမ်းဘဲချိုင့်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း မိဘမေတ္တာကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီးပညာရေးမှူးထံ လွှဲပြောင်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ ပေးအပ်ကြသည်။

အဆိုပါ မိဘမေတ္တာကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံ ၁၂ ပေနှင့် အမြင့် ၁၃ ပေရှိ အုတ်ညှပ်နှစ်ထပ်ဆောင်ဖြစ်သည်။

ယင်းနောက် ပုလဲမြို့နယ် မြောက်ယမား ရေကူရေလှောင်တမံ၌ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝါဏိဇ္ဇဘွဲ့ရအသင်း(မြန်မာနိုင်ငံ)ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဝါဏိဇ္ဇဘွဲ့ရအသင်း (မြန်မာနိုင်ငံ)မှ ဝါဏိဇ္ဇဘွဲ့ရများနှင့် အများပြည်သူတို့ စီးပွားရေးပညာရပ်နှင့် အခြားလူမှုရေး၊ ပညာရေး၊ စာပေယဉ်ကျေးမှုအထွေထွေ ဗဟုသုတများတိုးပွားရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပညာရပ်ဆိုင်ရာ Workshop နှင့် ဟောပြောပွဲများ၊ အထွေထွေဗဟုသုတရေးရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် JF Group Accounting Firm ၏ ပါဝင်ပူးပေါင်း ကူညီမှုဖြင့် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က "မြန်မာနိုင်ငံ၏ လက်ရှိရာသီဥတုပြောင်းလဲမှုများ (Recent Climate Changes In Myanmar)" ခေါင်းစဉ်ဖြင့် အမှတ်(၁၈၀) ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့တွင် ဟောပြောမည်ဖြစ်ရာ အသင်းသားများသာမက ပြင်ပမှ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်းနှင့် အသေးစိတ် မေးမြန်းစုံစမ်းလိုပါက အသင်းတိုက် ဖုန်း-၂၉၁၆၆၇ နှင့် ပြန်ကြားရေးမှူး ဦးကျော်အောင် ဖုန်း-၀၉-၇၃၁၂၄၂၂၂ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၂-၂၀၁၁ (တနင်္ဂနွေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အဝိဇ္ဇာ၊ ပစ္စယာ၊ သင်္ခါရာ"တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၅၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ"(အပိုင်း-၁၂)**
- ၈း၅၀ Show Room (ဟာသဇာတ်လမ်းတွဲ)
- ၉း၂၅ Miss Now How 2011 (Part-1)
- ၁၀း၁၀ အထက(၁)မိတ္ထီလာ၏ အာစရိယပူဇော်ပွဲအခမ်းအနား
- ၁၀း၃၀ ဧရာဝတီမြစ်ကမ်းနံဘေးက ဖူးပွင့်လာသော အလှပန်းတစ်ပွင့်. . .
- ၁၁း၀၀ နည်းပညာသစ်များနှင့် ရှင်သန်နေတဲ့ VFRDC
- ၁၁း၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "အားအားယားယား"
- ၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး"(အပိုင်း-၃၃)**
- ၁၂း၃၅ ဆံသားကျန်းမာရေးကို သဘာဝကျကျထိန်းသိမ်းတတ်စေဖို့
- ၁း၀၀ "အဝိဇ္ဇာ၊ ပစ္စယာ၊ သင်္ခါရာ" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ဗီဒီယိုပြခန်း
- ၂း၅၅ အောင်မြင်မှုတို့ လင်းလက်စေမှာ. . . Regent's Seminar
- ၃း၁၀ LACVERT ESSANCE ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ
- ၃း၃၀ Kid's Show
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၂)**
- ၅း၀၅ ဒါနများဖြင့် နွဲကာပျော်. . . စာပန်းအိမ်၏ စုပေါင်းမဟာ ဘုံကထိန်ပွဲတော်
- ၅း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး"(အပိုင်း-၃၄)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၀)**
- ၇း၁၀ Miss Now How 2011 (Part-2)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သွားမယ်စားမယ်
- ၈း၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- ၉း၁၀ Sunday Talk (မောင်ဝံသ၊ မျိုးမြတ်သူ)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၃)**
- ၁၀း၂၀ ပရီမီယာလိဂ်ရင်ခုန်သံ
- ၁၀း၂၅ Barclays Premier League (Man City Vs Arsenal)
- ၁၂း၂၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၂း၄၅ "တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ"
- ၁း၀၅ Celebrity Profile
- ၁း၃၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
- ၁း၄၅ **အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၂း၀၀ ရောင်စုံရသနီယွန်ည
- ၂း၃၀ Shooting Location
- ၂း၅၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၃း၁၅ လီဆူးသဘာဝရိုးရာအလှ
- ၃း၄၅ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိမ်းသိမ်းစို့
- ၃း၅၅ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
- ၄း၂၅ အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
- ၄း၄၀ ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
- ၅း၀၀ အစီအစဉ်ပြီး။

## Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | | | ပြသမည့်လိုင်း |
|---|---|---|---|---|
| ၆း၂၅ | QPR | - | Man U | ESPN |
| ၁၀း၂၅ | Man City | - | Arsenal | ESPN(MRTV-4) |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

# အရည်အချင်းပြင့်မားသော အမျိုးသားလူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်

နေပြည်တော် ဒီဇင်ဘာ ၁၇

**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပသော မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ထူးချွန်ဆရာမများနှင့် ဝန်ထမ်းများ၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ထူးချွန်ဆုရ ဘွဲ့ရကျောင်းသူများအား ဆုချီးမြှင့်ပြီးနောက် အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အရည်အချင်းမြင့်မားသော အမျိုးသားလူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မှုလုပ်ငန်းသည် အရေးကြီးပြီး အဓိကကျသောလုပ်ငန်းဖြစ်ကြောင်းကို "ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တ ကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ဖော်ဆောင်ရမည်" ဟု လည်းကောင်း၊ "နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ဖော်ပြထားရှိကြောင်း။

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များအဖွဲ့၊ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ ပူးပေါင်း၍ သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပလျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာပေးသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘွဲ့ရမောင်မယ်များအနေဖြင့် တိရစ္ဆာန်ဆေးကုပညာရပ်များကို ဆက်လက်ဆည်းပူးကြိုးစားသင်ယူဆောင်ရွက်သွားကြမှသာ ပညာရပ်များ စဉ်ဆက်မပြတ်တိုးတက်ခြင်း (Sustainable Improvement) ဖြစ်လာမည်ဖြစ်ပါကြောင်း။

တိရစ္ဆာန်ဆေးကုဆရာဝန်များအနေဖြင့် ရောဂါကာကွယ်ကုသရေးအပြင် တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးသော စောင့်ဆိုင်းကြားကာလ၊ မွေးမြူဆဲ စောင့်ဆိုင်းကြားကာလ (Seasonal Unemployment) ဖြစ်ပေါ်နေချိန်တွင် အပိုဝင်ငွေ (Secondary Income) ရရှိစေရေးအတွက် မိမိတို့၏နေရာ ဒေသပတ်ဝန်းကျင်ကျေးရွာရပ်ကွက်များတွင် တစ်ပိုင်တစ်နိုင်မွေးမြူခြင်း၊ ပေါင်းစည်းလယ်ယာ ဆောင်ရွက်ခြင်းများကို ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်တွင် ပါဝင်သော မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း။

မိမိကိုယ်မိမိ အားကိုးယုံကြည်သောစိတ်ဓာတ်ဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြသည့်အတွက် ရရှိခဲ့သည့်တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးဖြစ်နေရုံမျှကို ကျေနပ်ရောင့်ရဲတင်းတိမ်မနေဘဲ ကျရာနေရာအသီးသီး၌ မိမိဘဝအား စတင်တည်ဆောက်ရမည့်အချိန်ဖြစ်ပါကြောင်း၊ မိမိဘဝ မိမိပတ်ဝန်းကျင်နှင့် ဆက်စပ်နေသော တစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝထဲသို့ တိုးဝင်သည့်အချိန်တွင် တွေ့ကြုံလာမည့်အခက်အခဲ၊ စိန်ခေါ်မှုများကို အန်တုယှဉ်ပြိုင်အနိုင်ယူပြီး ရရှိလာမည့် အခွင့်အလမ်းများကိုရယူ၍ ဘဝတက်လမ်းကို အောင်မြင်စွာ လျှောက်လှမ်းကြစေလိုကြောင်း၊ အမိတက္ကသိုလ်တွင် လေ့လာသင်ယူခဲ့ရသော အသိပညာ၊ အတတ်ပညာများကို အသုံးပြု၍ ချမ်းသာပြည့်စုံကြွယ်ဝသည့် နိုင်ငံတော်ဖြစ်အောင် စွမ်းအားရှိသမျှ ဝိုင်းဝန်းတည်ဆောက်သွားကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ပျဉ်းမနားမြို့ ရေဆင်းငါးလုပ်ငန်းစခန်းသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၍ စခန်းတာဝန်ခံက ငါးမွေးမြူပုံနည်းစနစ်များ၊ ငါးမွေးမြူနိုင်သည့်နေရာများ၊ ငါးသားပေါက်များ အဆင့်ဆင့် မွေးမြူထုတ်လုပ်နေပုံများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ငါးမွေးကန်ပေါင်များတွင် သီးပင်စားပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးဆောင်ရွက်သွားရန်၊ ငါးမျိုးသားပေါက်များ ရာသီချိန်အမီ ထုတ်လုပ်ပြုစုမွေးမြူရေး ဆောင်ရွက်သွားရန်၊ သဘာဝမြစ်ချောင်းအင်းအိုင်ဆည်တမံများအတွင်း ငါးမျိုးစိုက်ထည့်မှု သတ်မှတ်လျာထားချက် ကျော်လွန်အောင် ဆောင်ရွက်သွားရန်နှင့် ပြုစုမွေးမြူကန်များ အချိန်ကိုက်ပြုပြင် ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပညာရည်ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲဆင်နွှဲ အမျိုးသားဟော်ကီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၇

**ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ (တတိယပတ်)လှုပ်ရှားမှုကို ယနေ့ နံနက်ပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားကွင်းရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ပြည်သူလူထုများသည် နံနက် ၆ နာရီတွင် သုဝဏ္ဏအားကစားကွင်းရှေ့မှ အားကစားကွင်းတစ်ပတ် လမ်းလျှောက်ကြပြီး ကွင်းအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းလုပ်ဆောင်ကြသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲတွင် မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ရန်ကင်း၊ ဒေါပုံနှင့် သာကေတမြို့နယ်များမှ ဒေသခံပြည်သူ ၅၀၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်းနှင့် သုဝဏ္ဏအားကစားကွင်းအတွင်း ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများပြုလုပ်ကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ကျင်းပသည့် ဒုတိယအကြိမ် အရှေ့တောင်အာရှဖလား အမျိုးသားဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မလေးရှားအသင်းနှင့် စင်ကာပူအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲတွင် ဗိုလ်လုပွဲ၌ အကောင်းဆုံး (Man of the Match) ဆု၊ တတိယဆုရ မြန်မာအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ဒုတိယဆုရ စင်ကာပူအသင်းအား တစ်ဦးချင်းဆု တံဆိပ်များ၊ ပထမဆုရ မလေးရှားအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများ၊ အကောင်းဆုံးအားကစားသမားဆုနှင့် အသန့်ရှင်းဆုံး ဆုများကို တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ပထမဆုရ မလေးရှားအသင်းအား ချန်ပီယံဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ(တတိယပတ်)၌ ပါဝင်ဆင်နွှဲကြစဉ်။** (သတင်းစဉ်)

# လူထုစုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ် ဒီဇင်ဘာလူထုအားကစားလ(တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိမ်းထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများသည် ရွှေတွင်းကုန်းရွာလမ်းဆုံမှ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့လမ်းလျှောက်ကြပြီး**(အောက်ပုံ)** အမျိုးသားအထိမ်းအမှတ်ဥယျာဉ် မုခ်ဦးရှေ့၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# စာဆိုတော်နေ့ အခမ်းအနား

# ပခုက္ကူ၌ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော စာဆိုတော်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အလက(၃) ကျောင်းရှိ သီတာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောကြိုင် (မအေးငြိမ်း-ပခုက္ကူ) တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း(ဗဟို) မှ ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မင်း (ဖိုးအောင်-အညာမြေ)က ဖတ်ကြားသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် အလှူငွေကျပ်တစ်သိန်းစီ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ သက်ကြီးစာပေပညာရှင် ဦးသိန်းအောင် (မြင့်ရည်-တမာမြေ)အား ပူဇော်ကန်တော့ငွေနှင့် ပစ္စည်းများပေးအပ်ပြီး ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

၎င်းနောက် မူလတန်းဆင့် ကျောင်းသား၊ ကျောင်းသူကလေးများက ပုံပြောပြိုင်ပွဲယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောကြိုင်၊ အတွင်းရေးမှူး ဦးအောင်မင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၅၇၁)

*ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ*

# လူညွန့်တုံးစေသောအရာ

- ယနေ့အချိန်အခါတွင် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု သိသိသာသာ မြင့်မားလျက် ရှိကြောင်း တွေ့ရှိရသည်။
- မူးယစ်ဆေးဝါးကြောင့် လူညွန့်တုံးရသည်။
- မူးယစ်ဆေးဝါးကြောင့် မိကွဲ၊ ဖကွဲဖြစ်ကြရသည်။
- မူးယစ်ဆေးဝါးသည် မှတ်ဉာဏ်ကို ထိုင်းမှိုင်းစေသည်။
- ဝိသမလောဘသားများက ဘယ်သူသေသေ ငတေမာပြီးရော စိတ်စေတနာဆိုးဖြင့် လူငယ်များအား မူးယစ်ဆေးဝါးများ သုံးစွဲချင်လာအောင် သွေးဆောင်ဖြားယောင်းလျက်ရှိသည်။
- မူးယစ်ဆေးဝါးကို လုံးဝလက်တည့်စမ်း သုံးစွဲခြင်းမပြုသင့်။
- စွဲတတ်စေသော အရာများဖြစ်သဖြင့် မြည်းစမ်းခြင်းလည်း မပြုသင့်။
- မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ပြီး လူကောင်း၊ လူတော်၊ လူရည်မွန်များဖြစ်အောင် ကြိုးစားကာ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံကို အကျိုးပြုကြရမည်။

**ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

# အရည်အသွေးမီအထပ်သားနှင့် ဖော်မီကာကုန်ချောပစ္စည်းများထုတ်လုပ်ရန် အထပ်သားစက်ရုံနှင့် ကော်ချက်စက်ရုံဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော်　　ဒီဇင်ဘာ　　၁၇

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘဲလင်းကျေးရွာရှိ ကံကောင်းခြင်းရတနာထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ အထပ်သားစက်ရုံနှင့် ကော်ချက်စက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ရှိသူက စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အထပ်သားစက်ရုံ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သစ်အခြေခံ စက်မှုလုပ်ငန်းများကို ခေတ်မီစက်များဖြင့် အဆင့်မြင့် နည်းပညာများ အသုံးပြုပြီး အရည်အသွေးမြင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်၍ ပြည်ပဝင်ငွေ ပိုမိုရရှိရေး ကြိုးပမ်းသွားရန်နှင့် ပြည်တွင်း၌လည်း ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် သုံးစွဲနိုင်ရန်အတွက် အရည်အသွေးမီ အထပ်သားနှင့် ဖော်မီကာကုန်ချောပစ္စည်းများ ထုတ်လုပ်သွားရန်၊ ပြည်ပသွင်းကုန်အစားထိုးပစ္စည်းများ ပိုမိုထုတ်လုပ်သွားရန်၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်သွားရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်သွားရန်၊ စက်ရုံကုန်ကြမ်း ရေရှည်ရရှိရေးအတွက် စိုက်ခင်းတည်ထောင်၍ ခုတ်ပတ်စနစ်ဖြင့် ကုန်ကြမ်းရယူသုံးစွဲနိုင်သည်အထိ ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်၊ စွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ထုတ်ယူသွားနိုင်အောင် လုပ်ဆောင်ရန်၊ အန္တရာယ်ကင်းရှင်းရေး ဂရုပြုရန်တို့ကို မှာကြားသည်။

### ဖွင့်လှစ်ပေး

ယင်းနောက် အထပ်သားစက်ရုံနှင့် ကော်ချက်စက်ရုံဖွင့်ပွဲ အခမ်းအနား ကျင်းပရာ တာဝန်ရှိသူများက စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ စက်ရုံဝင်းအတွင်း အထပ်သားစက်ရုံ၊ သစ်ပါးလွှာစက်ရုံတို့မှ စွန့်ပစ်ပစ္စည်းများဖြင့် ခေတ်မီဘွိုင်လာစက်ကြီးများ လည်ပတ်နေမှု၊ သွင်းကုန်အစားထိုး ကော်ချက်စက်ရုံ၊ ဖော်မီကာစက်ရုံတို့မှ ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သီလဝါအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းလုပ်ငန်းများ အကောင်အထည်ဖော်မည် သဘာဝပတ်ဝန်းကျင်မထိခိုက်သည့် စက်မှုလုပ်ငန်းများကို ဦးစားပေးမည်

## ကျေးရွာများကို ဖယ်ရှားရွှေ့ပြောင်းစေခြင်းမပြုဘဲ သီးခြားရွေးချယ်ဆောင်ရွက်မည်

နေပြည်တော်　　ဒီဇင်ဘာ　　၁၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအား စက်မှုထွန်းကားသောနိုင်ငံအဖြစ် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် အထူးစီးပွားရေးဇုန်များ ထူထောင်ခြင်းသည် အရေးပါသည့်အလျောက် ထားဝယ်အထူးစီးပွားရေးဇုန်ကို တနင်္သာရီတိုင်းဒေသကြီး၌ စတင်၍ လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိသည့်အပြင် ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သန်လျင်နှင့် ကျောက်တန်းမြို့နယ်အကြား ဒလမြို့နယ်၏ အရှေ့ဘက်၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။**

ဤသို့ အကောင်အထည်ဖော်ရာတွင် ယခုအခါ တန်ချိန် ၂၀၀၀၀ ခန့်ရှိ သင်္ဘောများသာ အသုံးပြုနိုင်သည့် ရန်ကုန်မြစ်ကြောင်းအား အနာဂတ်တွင် တန်ချိန်တစ်သိန်းခန့်ရှိ သင်္ဘောများ အသုံးပြုနိုင်သည့် ရေနက်ဆိပ်ကမ်းကိုပါ အထူးစီးပွားရေးဇုန်နှင့်အတူ ပူးတွဲဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရေနက်ဆိပ်ကမ်းနှင့်အတူ ကျောက်တန်းမြို့နယ် တောင်ဘက်ပိုင်း နယ်မြေအား မြန်မာနိုင်ငံသားများပါဝင်သော အများပိုင် ကုမ္ပဏီထူထောင်၍ နိုင်ငံခြားကုမ္ပဏီဖြင့် ဖက်စပ်ဆောင်ရွက်စေမည့်အပြင် ယခင် သီလဝါစက်မှုဇုန်အဖြစ် လျာထားသည့်နယ်မြေအတွင်း ဂျပန်၊ ကိုရီးယား၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံလိုသူများ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံလိုသူများအား ၎င်းတို့ကိုယ်တိုင် တိုက်ရိုက်ဖြစ်စေ၊ အကျိုးတူပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်စေပြီး ရင်းနှီးမြှုပ်နှံလိုသူ ဦးရေအပေါ် မူတည်၍ နိုင်ငံအုပ်စုအလိုက် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေလွယ်ကူစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

### ဦးစားပေး

ထိုသို့ ဆောင်ရွက်ရာတွင် စိတ်ဝင်စားမှု ပိုမိုများပြားသည့် နိုင်ငံအချို့မှ ရယူလိုသည့် မြေပမာဏသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် လျာထားသည့် မြေနေရာအကျယ်အဝန်းထက် ပိုနေပါက သက်ဆိုင်ရာသံရုံးနှင့်ညှိနှိုင်း၍ ယင်းသံရုံးက ထောက်ခံမှုပေးသည့် ကုမ္ပဏီများကို ဦးစားပေးချထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် မထိခိုက်သည့် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်း များပြားစေရေးအတွက် အထောက်အကူဖြစ်စေသော လုပ်သားအင်အား အသုံးပြုဆောင်ရွက်ရသည့် စက်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းနှင့် ပတ်သက်၍ ပြည်ပမှ အတိုင်ပင်ခံပုဂ္ဂိုလ်(Consultant)များနှင့်လည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

### မြေနေရာ

လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျူးကျော်နေထိုင်သူများကိုသာ ဖယ်ရှားရွှေ့ပြောင်းစေမည်ဖြစ်ကြောင်း၊ ကျေးရွာများကို ဖယ်ရှားရွှေ့ပြောင်းစေခြင်းမပြုဘဲ သီးခြားကင်းလွတ်သည့် မြေနေရာများကိုသာ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးလာမှသာ အဆိုပါကျေးရွာများအား အဆင့်မြင့် တိုက်တာနေအိမ်များဖြင့် လူနေရပ်ကွက်များ (Residential Area) အဖြစ် ပြောင်းလဲဆောင်ရွက်စေမည်ဖြစ်ပြီး ဒေသခံများ၏ လက်ရှိလုပ်ကိုင်နေထိုင်စားသောက်မှု မထိခိုက်အောင် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများက အတိုင်ပင်ခံပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်ဆန်းစစ်ခြင်းအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စိစစ်ရွေးချယ်ပေးသည့် ကြားခံတတိယအဖွဲ့အစည်း(Third Party)ဖြင့် ဆောင်ရွက်စေမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ပြည်တွင်း၊ ပြည်ပရှိ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ထုတ်ပြန်ချိန်တွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုလည်း မကြာမီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည် ထောင် စု ဖွား တိုင်း ရင်း သား တား ဆီး ကာ ကွယ် မီး ရန် စွယ်**

# ဘဒ္ဒန္တ ကုဿလာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဝင်းကဒတ်ရွာ ခမည်းတော် ဦးသာဖြိုး၊ မယ်တော် ဒေါ်ပုတိုတို့မှ ၁၂၈၃ ခုနှစ် နယုန်လဆန်း ၁ ရက် (တနင်္လာနေ့)တွင် ဖွားမြင်သော သားရတနာ ဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၃ ခုနှစ် (၁၀)နှစ်သားအရွယ်တွင် ဝေါမြို့နယ် က္ကသိကန်ရွာကျောင်းဆရာတော် ဘဒ္ဒန္တ ခေမာကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီး ၁၃၀၂ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဖိုးစမွါယ်ရွာ ကန်ကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မပီယကို ဥပဇ္ဈာယ်ပြုလျက် ယင်းကျောင်း ခဏ္ဍသိမ်၌ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ဝေါမြို့နယ် ဖိုးစမွါယ်ရွာ ကန်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ ဓမ္မပီယ၊ ညောင်လေးပင်မြို့ တောရကြီးကျောင်းဆရာတော် ဘဒ္ဒန္တ အရိယ၊ မေဒိနီကျောင်းဆရာတော် ဘဒ္ဒန္တ အာဇ္ဇာရ၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းဆရာတော်တို့ထံ၌ အခြေခံမှစ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူပြီး ၁၃၁၅ ခုနှစ်တွင် သာသနဓဇ ဓမ္မာစရိယစာမေးပွဲနှင့် ၁၃၁၆ ခုနှစ်တွင် စေတိယင်္ဂဏစာမေးပွဲတို့ကို အောင်မြင်တော်မူခဲ့သည်။

### စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်၌ တပည့်ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူရင်း ဒုက္ခကင်းဝေးပေါင်းသင်းရေးနှင့် ဣန္ဒြေစွမ်းအင်ထက်မြက်ကြောင်း ကိုးပါး၊ မင်းဆင်ပမာ သိဖွယ်ရာ၊ ယခုဘဝကောင်းမြတ်လှ၊ ဒုလ္လဘသိဖွယ် ဝိနည်းငယ်၊ သိကောင်းစရာ ဓမ္မပဒေသာ၊ ပဋ္ဌာဝိဿဇ္ဇနာ ဓမ္မပဒေသာ စသည့် ကျမ်းစာပေါင်း ၃၀ ကျော်တို့ကို ရေးသားပြုစုတော်မူ၍ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ နာယက၊ သဒ္ဓမ္မရံသီကျောင်းတိုက်နှင့် တိုက်ခွဲများ ပဓာနနာယက၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်းတို့အပြင် စင်ကာပူ၊ မလေးရှား၊ အင်္ဂလန်၊ ပြင်သစ်၊ ကနေဒါ၊ အမေရိကန်၊ ဩစတြေးလျ စသည့် ပြည်ပနိုင်ငံများ၌လည်း ရိပ်သာဖွင့်လှစ်၍ တရားဟော၊ တရားပြခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့သည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ပိဋကတ္တဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၃ (၁၉၉၂)ခုနှစ်တွင် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၁၃၅၉ (၁၉၉၈)ခုနှစ်တွင် အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၉ (၂၀၀၈)ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၀) သိက္ခာတော်(၇၁)ဝါအရ ၁၃၇၃ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် [၁၆-၁၂-၂၀၁၁ (သောကြာနေ့)] နံနက် ၇း၃၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# မိုးစပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်း

**ရေစကြို　ဒီဇင်ဘာ　၁၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဝါယာ-သာစည်ကျေးရွာအုပ်စု၊ ဇီးတောကျေးရွာ ကွင်းအမှတ်(၉၈) ညောင်ပင်ရိုးကွင်းတွင် တောင်သူကိုးဦးစုပေါင်း၍ ပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး သိပ္ပံနည်းကျစိုက်ပျိုးစနစ် (GAP)ဖြင့် စိုက်ပျိုးထားသော ရတနာတိုးစပါးမျိုး ၁၀ ဧကတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစိန်မောင်နှင့်ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းမြတ်သူနှင့် ဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက စံကွက်ရိတ်သိမ်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ လေ့လာသူတောင်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းရာတွင် ဒသမ ၁၀ စံကွက်ကြီးရိတ်သိမ်းမှုမှ တစ်ဧကစပါးအခြောက် ၁၁၄ ဒသမ ၁၈ တင်းထွက်ရှိကြောင်း သိရသည်။ (၃၇၄)

# ရောဝတီယူနိုက်တက်နှင့် မလေးရှားကြည်းတပ်တို့ ယနေ့ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနေရှင်နယ်လိဂ် ရောဝတီယူနိုက်တက်အသင်းနှင့် မလေးရှားကြည်းတပ်အသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ဒီဇင်ဘာ ၁၈ ရက်(ယနေ့)ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရောဝတီယူနိုက်တက်အသင်းသည် ၂၀၁၁ MNL အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲမရှိစံချိန်တင်ကာ ဒုတိယဆု ရရှိထားသည့်အသင်းဖြစ်ပြီး ၂၀၁၂ AFC Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည့် အသင်းလည်းဖြစ်သည်။ အသင်းမှ အမာခံကစားသမားများဖြစ်သည့် နောက်ခံလူ မျိုးဝင်းထွဋ်နှင့် တိုက်စစ်မှူးမင်းမင်းထွန်းတို့ကို လက်လွှတ် ဆုံးရှုံးခဲ့ရသော်လည်း ရတနာပုံအသင်းမှ ကျော်ဇေယျာမင်း၊ ဟံသာဝတီအသင်းမှ နိုင်နိုင်လင်း၊ ဇွဲကပင်အသင်းမှ ထင်ကျော်အောင်၊ Southern အရန်အသင်းမှ နိုင်လင်းဦး၊ ရန်ကုန်အသင်းမှ နေလင်းထွန်းတို့ကို ပြန်လည်ခေါ်ယူအားဖြည့်ထားသည်။ နိုင်ငံခြားသား ကစားသမားများအဖြစ် ယမန်နှစ်ရာသီက အသုံးပြုခဲ့သည့် တိုက်စစ်မှူး ဂျူပီတာနှင့် နောက်ခံလူ ဂွန်တို့ကို ထပ်မံခေါ်ယူထားပြီး ဆလိုဗက်ကီးယားကွင်းလယ်လူ မီရိုကို အသစ်ခေါ်ယူထားသည်။

မလေးရှားကြည်းတပ်အသင်းသည် ခြေစမ်းပွဲပထမပွဲစဉ်၌ ရန်ကုန်ယူနိုက်တက်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်တစ်ထောင်၊ ရိုးရိုးတန်း ကျပ်ငါးရာ သတ်မှတ်ထားသည်။

(ကြေးမုံ)




**✻ စတုတ္ထအကြိမ်မြောက်**

ဂျီအမ်အက်စ် အဆင့်မြင့်အရာရှိကြီးများ၏ အပြီးသတ်လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဂျီအမ်အက်စ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်ကြမည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် နေပြည်တော်သို့ ဒီဇင်ဘာ ၁၈ ရက်တွင် ရောက်ရှိကြမည်ဖြစ်သည်။

အလားတူ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ဒီဇင်ဘာ ၁၉ ရက်တွင် နေပြည်တော်သို့ ရောက်ရှိကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒီမောဆိုမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၀၁၁ ခုနှစ် ကယားပြည်နယ် ဒီမောဆိုမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်တွင် ဒီမောဆို အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ငွေတောင်(ခ) ကျေးရွာအသင်းနှင့် မြလဲကျေးရွာအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေ၊ ဆောင်ဒူရွာသစ်ကျေးရွာအသင်းနှင့် သေးဆူလဲကျေးရွာအသင်း တို့သည်လည်း ဂိုးမရှိသရေ ဖြစ်သွားကြသည်။

ဒီဇင်ဘာ ၁၇ ရက်တွင် ဒေါရောက်ခူကျေးရွာအသင်းနှင့် ဒီ/ကျေးရွာအသင်း၊ လှိုင်ဘူးအန်းကျေးရွာအသင်းနှင့် ဆင်တောင်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ပတ်ဆောင်ဟွာအား စာချုပ်ချုပ်ဆိုနေစဉ်။

# မြန်မာ့လက်ရွေးစင် နည်းပြချုပ်အား စာချုပ်ချုပ်ဆို

**သတင်းမှတ်စုနှင့် ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြများအား စာချုပ်ချုပ်ဆိုပွဲနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ရှေ့မှောက်တွင် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် မစ္စတာ ပတ်ဆောင်ဟွာ(တောင်ကိုရီးယား)၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ မစ္စတာစတီဖင်ဟန်ဆန်(ဆွီဒင်)၊ မြန်မာယူ-၁၉ အသင်းနည်းပြချုပ် မစ္စတာ ဂတ်ဖရိုင်းဒရစ်(ဂျာမနီ)တို့ စာချုပ်များချုပ်ဆိုကြသည်။

ယင်းနောက် စာနယ်ဇင်းရှင်းလင်းပွဲကို ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၁၂ ခုနှစ်အတွင်း ယှဉ်ပြိုင်ရန်ရှိသည့် ပြိုင်ပွဲများ၊ ၂၀၁၂ MNL ပြိုင်ပွဲများ ကျင်းပမည့်အခြေအနေ၊ မြန်မာဘောလုံးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ကျွမ်းဘားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ကျွမ်းဘားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းတွင် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပရာ ပထမရရှိသော အမက (၂) ကမာရွတ်အသင်းအား မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်က ချီးမြှင့်သော ဆုကြေးငွေကျပ် တစ်သိန်းနှင့် တံခွန်စိုက်ဆုကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေထွန်းမင်းက မူလတန်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော အမက(၁) ဗဟန်းအသင်းအား မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်က ချီးမြှင့်သော ဆုကြေးငွေကျပ် တစ်သိန်းနှင့် တံခွန်စိုက်ဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် မြန်မာနိုင်ငံ ကျွမ်းဘား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က အလယ်တန်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော အထက(၄) အလုံအသင်းအား မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်က ချီးမြှင့်သော ဆုကြေးငွေကျပ် တစ်သိန်းနှင့် တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းအောင်က အလယ်တန်းအဆင့် အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော အထက(၂) ဒဂုံအသင်းအား မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်က ချီးမြှင့်သော ဆုကြေးငွေကျပ်တစ်သိန်းနှင့် တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)



# စုပေါင်းလမ်းလျှောက်ပွဲ ရွှေဘို၌ ကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၁၇**

နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလဟု သတ်မှတ်ကာ အပတ်စဉ်လူထုလမ်းလျှောက်ပွဲများကို ကျင်းပလျက်ရှိရာ ရွှေဘိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် ဌာနဆိုင်ရာများ ကြီးမှူး၍ ဒီဇင်ဘာ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၅ နာရီခွဲက ကျင်းပရာ မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ငါးထောင်ကျော်ခန့် ပါဝင်ဆင်နွှဲကြသည်။**(အောက်ပုံ)** (၅၇၂)



**၂၀၁၁ ခုနှစ် ဒီဇင်ဘာ(တတိယပတ်)လူထုလမ်းလျှောက်ပွဲကို ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်၌ ဒီဇင်ဘာ ၁၇ ရက်နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ရွှေတိဂုံဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်စုရပ်မှ ဗိုလ်တထောင်စေတီတော်ထိ စုပေါင်းလမ်းလျှောက်ကြစဉ်။** (မြို့နယ် ပြန်/ဆက်)



# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးထွန်းထွန်းလင်း (Director Myanmar Jwatani LPG Trading Co.,Ltd)သည် ဒီဇင်ဘာ ၁၁ ရက်နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကစားဖော်များဖြစ်ကြသော Mr.T. Kaneko(GM Sojitz Corp)၊ ဦးလင်းထွန်းဦး(Manager Sojitz Corp)၊ ဦးခင်မောင်လတ် (National Sale Manager Arysta Lifescience)၊ဦးထွန်းလင်း(ဒါရိုက်တာ၊ ခေတ်လိုက်ကုမ္ပဏီလီမိတက်) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V-1 No-4 ဘောလုံးအား XXIO Iron No.4 တုတ်ဖြင့်ရိုက်လိုက်ရာ (၁၇၅)ကိုက်အကွာရှိ ကျင်းအမှတ်(၁၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

# ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာ ညို့သကျည်းရိုး ဒဏ်ရာရရှိ

**ဟိန်းထက်လင်း**

**ဘာစီလိုနာ ဒီဇင်ဘာ ၁၇**

ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ဖီဖာကမ္ဘာ့ကလပ်ဖလားဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် အယ်လ်ဆတ်ဒ်နှင့်ပွဲတွင် ညို့သကျည်းရိုး ကျိုးဒဏ်ရာရရှိခဲ့သည်။အသက်(၃၀)အရွယ် ဗီလာသည် ပထမပိုင်းပွဲမပြီးဆုံးခင် အဆိုပါဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်း၏အသင်းဖော် သီယာဂိုအယ်လ်ကန်တာရာက ဗီလာသည် ဝဲဘက်ခြေထောက် ညို့သကျည်းရိုး ကျိုးဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကြောင့် မိမိတို့ ၎င်းအား ကာလအတန်ကြာ ဆုံးရှုံးရမည်ဖြစ်ကြောင်း၊ ၎င်း၏ ဒဏ်ရာ မပြင်းထန်ဖို့ကိုသာ ဆုတောင်းပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက အယ်လ်ဆတ်ဒ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ဗီလာ၏ သတင်းကြောင့် အသင်းသားများမှာ အပြည့်အဝမပျော်ရွှင်နိုင်ခဲ့ကြောင်း နည်းပြ ဂွါဒီယိုလာက ဆိုသည်။

ဘာစီလိုနာအသင်းသည် ဖီဖာ၏ ကမ္ဘာ့ကလပ်ဖလားဖိုင်နယ်ပွဲစဉ်အဖြစ် ဘရာဇီးကလပ် ဆန်းတို့စ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**အင်တာနက်။**



ဒဏ်ရာရသွားသော ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

## တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၇

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် ညနေ ၆ နာရီခွဲတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှူး၊ တပ်မတော် နည်းပညာ တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိ ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်း အရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ☆



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကျင်းပ

## ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်၍ သက်ကြီးစာပေပညာရှင်ကြီးများအားကန်တော့ကာ လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကိုပေးအပ်



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီး များထံ လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်စဉ်။**

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၁၇

**မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်ကြီးများ ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်၍ သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ ကာ လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်ကြသည်။**

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)က ဆောင်ရွက်ပြီး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

# အမျိုးသားစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့်ရက် ထပ်မံကြေညာမည်

နေပြည်တော် ဒီဇင်ဘာ ၁၇

အမျိုးသားစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် နေပြည်တော်ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပရန် သတ်မှတ်ထားခဲ့သော်လည်း ကျင်းပမည့်ရက် အပြောင်းအလဲရှိကြောင်း၊ ကျင်းပမည့်ရက်ကို ထပ်မံကြေညာ မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးတက်ရောက်ကြမည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နေပြည်တော်သို့ ရောက်ရှိကြမည်

နေပြည်တော် ဒီဇင်ဘာ ၁၇

စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) တွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ရက် အထိ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၄ ✻